ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (14-6-2011) (၆၇၉၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကော့မှူးမြို့ မြို့နယ်အားကစားခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိက အရေးပါ

ပြည်သူများအနေဖြင့် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မော်တော်ယာဉ်များဖြင့် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဒုတိယသမ္မတက တာဝန်ရှိသူများအား ကျောင်းတွင်ပညာသင်ကြားနေသော ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမများ အခြေအနေကို မေးမြန်းပြီး ကျောင်းအဆင့်မြှင့်တင်နိုင်ရေးနှင့် ကျောင်းသားဦးရေ ပိုမိုလက်ခံသင်ကြားနိုင်ရေးတို့အတွက် ကျောင်းမြေနေရာတိုးချဲ့ရရှိရေး ဆောင်ရွက်ပေးရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၁၄ - ၆ - ၂၀၁၁
(အင်္ဂါနေ့)

ဆိပ်ကမ်းဝန်ဆောင်မှု စွမ်းဆောင်ရည်မြှင့်တင်

ကုန်သွယ်မှုလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မောင်းနှင်အားဖြစ်သည်။ နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အပြိုင်အဆိုင်ကြိုးစားအားထုတ်နေကြပေပြီ။ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည်။ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး တီထွင်ကြံဆ ကြိုးပမ်းကြရပေမည်။

ပြည်ပကုန်သွယ်မှုလုပ်ငန်းအများစုကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းထွက်ပေါက်ကို အဓိကထား၍ လုပ်ကိုင်လျက်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ နေ့စဉ် တိုးတက်များပြားလာလျက်ရှိရာ ဆိပ်ကမ်းတိုးချဲ့ရေးလုပ်ငန်းများကို လွန်ခဲ့သော နှစ်နှစ်ခန့်ကပင် စတင်ဆောင်ရွက်လာလျက်ရှိသည်။

ရေကြောင်းကုန်စည်ပို့ဆောင်မှုအနေဖြင့် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါ ဆိပ်ကမ်းနှစ်ခု၌ ဆိပ်ခံတံတား ၂၃ စင်းသာရှိသည်။ သင်္ဘောနှစ်ဆယ်ကျော် တစ်ပြိုင်တည်းဆိုက်ကပ် ကုန်တင်ကုန်ချပြုလုပ်နိုင်သည့်တိုင် တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၂၀ ခန့်သာ ကိုင်တွယ်လုပ်ကိုင်နိုင်သည်။

ယခု ရန်ကုန်ဆိပ်ကမ်းတိုးချဲ့မှုစီမံကိန်းပြီးစီးပါက ဆိပ်ခံတံတား လေးဆယ်ကျော်တွင် သင်္ဘော ၄၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်၍ တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၈၀ ကျော် ကိုင်တွယ်လုပ်ကိုင်လာနိုင်မည်ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးလုပ်ငန်းများနှင့်အတူ ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းသွားကြရန် လိုအပ်လာပြီဖြစ်သည်။ လက်ရှိရေကြောင်း လမ်းများမှာ တန်ချိန်တစ်သောင်းခွဲရှိ သင်္ဘောများသာ ဝင်၊ ထွက်နိုင်လျက်ရှိရာ တန်ချိန် သုံးသောင်းကျော်ရှိ သင်္ဘောကြီးများ ဝင်၊ ထွက်သွားလာနိုင်သည့် ရေစူးအနက်ရရှိရေး ဆက်စပ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရပေမည်။

ယခုအခါ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေး ပူးပေါင်းဖော်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ဆွေးနွေးလျက်ရှိသည်။ ကုန်သွယ်ရောင်းဝယ်တင်ပို့မှုများ ပိုမိုတိုးတက်ကျယ်ပြန့်လာနေပေပြီ။ ယင်းသို့ တိုးတက်ဖြစ်ထွန်းလာသည့် ကုန်သွယ်စီးပွားလုပ်ငန်းများနှင့်အညီ ဆိပ်ကမ်း နေရာသစ်များ ဖော်ထုတ်ရေး၊ ဆိပ်ခံတံတားအလိုက် ကုန်စည်ကိုင်တွယ် လုပ်ကိုင်နိုင်မှု သွက်လက်မြန်ဆန်ရေး၊ ကုန်သေတ္တာစခန်းများ စနစ်တကျ ကိုင်တွယ်လုပ်ကိုင်နိုင်ရေးစသည့် ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်ခြင်းဖြင့် ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ တာမွေမြို့နယ် မလွှကုန်းလမ်းနေ ကန်ဦးအထက ပညာရေး ပဒေသာပင်ဖောင်ဒေးရှင်း နာယကကြီး ဦးဝင်းစိန် မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင်ဖောင်ဒေးရှင်း သင်တန်းခန်းမ ဆောက်လုပ်ရေး အတွက် အလှူငွေကျပ် ၆၇ သိန်းကို ဖောင်ဒေးရှင်းအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၆၃၅	၀. ၀၃၂၈၂
တရုတ် (ယွမ်)	၆. ၄၈၃၈၅	၀. ၁၅၄၂၃
အိန္ဒိယ (ရူပီး)	၄၄. ၈၆၅၀	၀. ၀၂၂၂၉
မလေးရှား (ရင်းဂစ်)	၃. ၀၄၂၅၀	၀. ၃၂၈၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၆၈၂	၀. ၈၀၈၅၂
ဂျပန် (ယန်း)	၈၀. ၃၅၂၆	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၀၀	၀. ၀၀၀၉၂
ယူရို	၀. ၆၉၅၆၅	၁. ၄၃၇၅၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၂၄၉	၁. ၆၃၂၆၉

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြင်ဦးလွင်(ရေငယ်)-မိုးကုတ်လမ်း ဖောက်လုပ်မှုကြည့်ရှု

သပိတ်ကျင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဇွန် ၆ ရက် နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်(ရေငယ်)- မိုးကုတ်လမ်းဖောက်လုပ်ရေး မိုင်တိုင်အမှတ် (၇၉) ရှိ လယ်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြေသားလုပ်ငန်း

အဆိုပါ ပြင်ဦးလွင်(ရေငယ်)- မိုးကုတ်လမ်းမှာ အရှည် ၈၃ မိုင် ၄ ဖာလုံ ရှိသည့် အနက် မိုင် ၄၀၊ ၁ ဖာလုံကို ကတ္တရာခင်းပြီးစီး၍ ၁၈ မိုင် ၂ ဖာလုံကို ကျောက်ခင်း ပြီးစီးကာ ၂၅ မိုင် ၁ ဖာလုံကို မြေသားလုပ်ငန်းဆောင်ရွက်ပြီး ဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မိုးကုတ်မြို့နယ် ကျပ်ပြင်တိုက်နယ် ဆေးရုံ၊ ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်းနှင့် ကသဲအုပ်စုရေဦးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၇ ရက် နံနက် ၁၁ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲအဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ထို့မှတစ်ဆင့် သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့စိုက်ပျိုး

ယင်းနောက် သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန ဆင်မွေးပျိုးဥယျာဉ်၌ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်စသည့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ ကျွန်းမျိုးစေ့များ စုဆောင်းပြီး ကျွန်းပင်ပေါက်များကို လာမည့် နှစ်တွင် ယခုထက် ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်စီမံထားရန်၊ ပျက်စီးသွားသည့် အပင်များ အစားထိုးစိုက်ပျိုးသွားရန်နှင့် နှစ်အလိုက် မူလစီမံချက်အပြင် တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သစ်ပင်စိုက်ပျိုးမှုကို ယခုနှစ်မှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျေးရွာတိုင်း၊ မြို့တိုင်း တိုင်းဒေသကြီးတစ်ခုလုံး အမြဲစိမ်းလန်းနေစေရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ ဘွဲ့ကြို၊ ဘွဲ့လွန် သင်ယူနိုင်ရေး ဆွေးနွေး

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရန် ဩစတြေးလျနိုင်ငံ Holmesglen တွင် တက်ရောက် သင်ကြားနိုင်သော ဒီပလိုမာနှင့် ဘွဲ့ဒီဂရီသင်တန်းများ ဖြစ်သည့် Bachelor Nursing, Screen Production, Applied Science(Built Environment), Business (Marketing Management/ Business Administration, Accounting) တို့ကို မဟာဘွဲ့၊ ပါရဂူဘွဲ့ရသည်အထိ ဆက်လက်လေ့လာသင်ယူနိုင်ကြောင်း သိရသည်။ အမှန်တကယ် လေ့လာသင်ယူလိုသည့် ဘာသာရပ်များကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်နှင့် လိုအပ်သည်များကို ပြင်ဆင်ထားရန်အတွက် Holmesglen Institute of Tafe မှ တာဝန်ရှိသူကိုယ်တိုင် AVSS Myanmar ရုံးခန်း၌ ကျောင်းသားတစ်ဦးချင်းစီနှင့် လာရောက်ဆွေးနွေးပေးခဲ့ပြီး စိတ်ပါဝင်စားသူများသည် အမှတ်(၄၂-ဒီ) ပထမထပ် ဗိုလ်ရာညွှန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၃၃၃၆၆၊ ၀၉-၅၁၄၇၂၂၇နှင့် ၀၉-၅၀၁၄၃၃၄ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရေကြည် ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁ ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ**(အပေါ်ပုံ)** တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်က အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရေကြည် မြို့နယ်အတွင်း ဆောင်ရွက်သွားမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနစုမှ ရဲအုပ်ကျော်ထွန်းဝင်းနှင့် အဖွဲ့သည် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် ခန်းမ၌ ရန်ကုန်အရှေ့ပိုင်းခရိုင် ယာဉ်လိုင်းမှ ဝန်ထမ်းများနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းလွင် ခရမ်းမြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးကြသည့် ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းအပ်နှံရေးနှင့် မူလတန်းပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၂၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် အပိုင်း (၁၀)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၃။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
- ၆း၂၅ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ သီချင်းလက်ဆောင်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက် လေးရယ်(အပိုင်း-၁၀)**
- ၂၆။ Mini Series

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က ပြန်ကြားရေးဝန်ကြီးဌာနက ချမှတ်ထားသည့် စာပေနှင့်စာနယ်ဇင်းဆိုင်ရာ မူဝါဒများနှင့်အညီ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မေ ၂ ရက်တွင် ဖွင့်လှစ်ခဲ့သည့် မီဒီယာကော်နာဆိုင်ခန်းများနှင့် စပ်လျဉ်းသည်များ၊ ဆရာပါရဂူ စာကြည့်တိုက်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက စာပေမူဝါဒသစ်နှင့် စပ်လျဉ်း၍ တာဝန်သိ၊ တာဝန်ရှိစွာ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကျင့်ဝတ်များရေးဆွဲမှု

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာပေလောကသားများ လိုက်နာရမည့်ကျင့်ဝတ်များ ရေးဆွဲပြီးစီးမှု၊ စာပေဆုရွေးချယ်ရေး ကိစ္စများတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်လေးက အသင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြသည်။

ယင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် စီစဉ်ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်)က ကျေးရွာစာကြည့်တိုက်များတွင် အသုံးပြုရန် ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ စာအုပ်အုပ်ရေတစ်သောင်းကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေး

နေပြည်တော် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၁၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဧည့်ရိပ်သာ၌ တိုင်းဒေသကြီး၊ တိုင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူးရုံးဟောင်း အဆောက်အအုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ရန် သင်တန်းခန်းမနှင့် သင်တန်းသား အိပ်ဆောင်များ ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရန်ကုန်မြို့ ပြည်လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသား စိစစ်ရေးကတ်ပြားများ သတ်မှတ်ချိန်အတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးဆိုင်ရာ နည်းလမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ ပြည်ဝင်နှင့် ပြည်ပြန်ဝင်ခွင့်ဆိုင်ရာ လုပ်ငန်းများအား နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ လမ်းမတော်၊ ပုဇွန်တောင်၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံနှင့် ရန်ကင်းမြို့နယ် ဦးစီးဌာနမှူးရုံးများ၏ ရုံးအဆောက်အအုံ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရမည်းသင်း-ရွာတန်း-စီးခုံလမ်း စတင်ဖောက်လုပ်

နေပြည်တော် ဇွန် ၁၃

ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာများမှ မြို့ပေါ်သို့ စိုက်ပျိုးရေးထွက်ကုန်များ အချိန်မီတင်ပို့ရောင်းချနိုင်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိသော ရမည်းသင်းမြို့ အနောက်ဘက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရမည်းသင်း- ရွာတန်း- စီးခုံကျေးလက်လမ်းကို ဇွန် ၉ ရက်တွင် စည်ပင်သာယာရေးဦးစီးဌာနက စက်ယန္တရားများဖြင့် စတင်ဖောက်လုပ်ရာ စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုးနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး **(အောက်ပုံ)** ရမည်းသင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က လမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းမှာ ၂၂ မိုင် ရှည်လျားပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ ရန်ပုံငွေ ၂၁၈ ဒသမ ၈ သိန်းနှင့် နိုင်ငံတော်ထောက်ပံ့ငွေ ၃၁၃ ဒသမ ၂ သိန်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူ၊ ပညာပေးမှု အရှိန်အဟုန်မြှင့်

နေပြည်တော် ဇွန် ၁၃

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းပြီး ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းစေရန်အတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူပညာပေးမှုကို အထူးအဖွဲ့များ ဖွဲ့စည်းပေးပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အဖွဲ့များက စစ်ဆေးပညာပေး အရေးယူဆောင်ရွက်နေခြင်းကို နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းရှိန်နှင့် ဆပ်ကော်မတီအဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လှည့်လည်ကြပ်မတ် စစ်ဆေးခဲ့သည်။

(သတင်းစဉ်)

စကြဝဠာသိပ္ပံဆိုင်ရာ အဆင့်မြင့်နည်းပညာသုံးပြတိုက် မော်စကို၌ ပြန်လည်ဖွင့်လှစ်

မော်စကို ဇွန် ၁၃

၁၇ နှစ်ကြာမျှ ပြန်လည်မွမ်းမံတည်ဆောက်ခဲ့ရပြီးနောက် ကမ္ဘာ့အကြီးဆုံးပြတိုက်တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သော ရုရှားနိုင်ငံ မော်စကို စကြဝဠာသိပ္ပံပြတိုက်ကို အများပြည်သူများ လာရောက်လေ့လာနိုင်ရန် တနင်္လာနေ့က ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မော်စကိုမြို့တော်၏ စကြဝဠာသိပ္ပံပြတိုက်သည် ရုရှားနိုင်ငံ၏ သက်တမ်းအရင့်ဆုံးပြတိုက်များ၌ အပါအဝင်ဖြစ်ပြီး စကြဝဠာဗေဒဆိုင်ရာသိပ္ပံပညာရပ်များ ထွန်းကားပျံ့နှံ့ရေးအတွက် မော်စကိုမြို့တော်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မော်စကို စကြဝဠာသိပ္ပံပြတိုက်ကို ၁၉၂၉ ခုနှစ် နိုဝင်ဘာ ၅ ရက်၌ စတင်ဖွင့်လှစ်ခဲ့ပြီး အများပြည်သူများ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ခဲ့သည်။

အဆိုပါပြတိုက်ကို မီခေးလ် ဘာဆက်ချ်နှင့် မီခေးဆင်ယက်စကီးဆိုသူ ဆိုဗီယက်ဗိသုကာပညာရှင်နှစ်ဦးက ခေတ်ရှေ့ပြေးဗိသုကာလက်ရာများဖြင့် ပုံစံထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မော်စကို စကြဝဠာသိပ္ပံပြတိုက်၏ အဓိကရည်ရွယ်ချက်တစ်ရပ်မှာ ဆိုဗီယက်ပြည်သူများ သိပ္ပံပညာရပ်ဆိုင်ရာ အသိအမြင်များ ကြွယ်ဝစေရေးအတွက် နက္ခတ္တသိပ္ပံနှင့် စကြဝဠာဗေဒဆိုင်ရာ သိပ္ပံပညာရပ်များကို အသံလွှင့်တင်ပြသွားရန် ဖြစ်သည်။

ခေတ်မီကိရိယာများ သုံးစွဲ၍ သိပ္ပံပညာရှင်များ သုတေသနလုပ်ငန်းလုပ်ဆောင်နိုင်သည့် နေရာတစ်ခုအဖြစ်လည်း အသုံးတော်ခံခဲ့ရသည့် မော်စကို စကြဝဠာသိပ္ပံပြတိုက်ကို ပြုပြင်မွမ်းမံမှုများလုပ်ဆောင်ရန် ၁၉၉၄ ခုနှစ် ဇူလိုင် ၁၄ ရက်က စတင်ပိတ်ထားခဲ့ရာ ယနေ့ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်တိုင်ဖြစ်သည်။

ယနေ့ဖွင့်လှစ်ခဲ့သည့် မော်စကို စကြဝဠာသိပ္ပံပြတိုက်သည် စကြဝဠာသိပ္ပံအဆင့်ဆင့်ကို လေ့လာနိုင်သော ခေတ်မီပြတိုက်တစ်ခုဖြစ်လာပြီး စတုရန်းမီတာ ၁၇၀၀၀ မျှ ကျယ်ဝန်းသည့် ပြခန်းကြီးလည်း ဖြစ်သည်။

မော်စကို စကြဝဠာသိပ္ပံပြတိုက်သစ်၌ ဂြိုဟ်နက္ခတ်များ၏ ပုံစံတူများ၊ နေစကြဝဠာ၏ ပုံစံငယ်တစ်ခုနှင့် ဥက္ကာခဲအစအနများကို ပြသထားသည်။ ယင်းအပြင် နည်းပညာပိုင်းဆိုင်ရာ အတိတ်ကာလ အောင်မြင်မှုများကိုလည်း သီးခြားပြခန်းဖြင့် ပြသထားသည်။

အင်တာနက်။

ဆော်ဒီအာရေဗျ နိုင်ငံရှိရေနံချက်စက်ရုံတစ်ရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံစိမ်းထုတ်လုပ်မှု ဆော်ဒီအာရေဗျ မြှင့်တင်သည့်တိုင် ကမ္ဘာ့ရေနံဈေးကွက် အခြေအနေမပြောင်းလဲဟု အီရန်ပြော

တီဟီရန် ဇွန် ၁၃

ဆော်ဒီအာရေဗျနိုင်ငံက ရေနံစိမ်းထုတ်လုပ်မှုကို မြှင့်တင်သည့်တိုင်အောင် ကမ္ဘာ့ရေနံဈေးကွက်အခြေအနေများ ပြောင်းလဲသွားမည်မဟုတ်ကြောင်း အီရန်နိုင်ငံက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံထုတ်လုပ်မှုကိုမြှင့်တင်ရန် စီစဉ်လျက်ရှိကြောင်း၊ မေလတွင် တစ်ရက်လျှင် ရေနံစည် ၈ ဒသမ ၈ သန်း ထုတ်လုပ်ခဲ့ရာမှ ဇူလိုင်လတွင် တစ်ရက်လျှင် ရေနံစည် ၁၀ သန်းအထိ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်း ယင်းနိုင်ငံတွင် ထုတ်ဝေသော အယ်လ်-ဟေးယက်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအသင်း(အိုပက်)၏ မူဝါဒကိုကျော်လွန်ကာ ရေနံထုတ်လုပ်မှုကို မြှင့်တင်ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် အမေရိကန်၏ဖိအားပေးမှုအရ အိုပက်၏ မူဝါဒကိုကျော်လွန်ကာ ရေနံထုတ်လုပ်မှုကို မြှင့်တင်နေခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ၏ အိုပက်အုပ်ချုပ်ရေးမှူး မိုဟာမက်အလီခါတီဘီက ပြောကြားသည်။

အီရန်နိုင်ငံသည် အိုပက်၏ အလှည့်ကျဥက္ကဋ္ဌ ရာထူးနေရာကို ရယူထားသည်။

လောလောဆယ် ကမ္ဘာ့ရေနံဈေးကွက်၌ ရောင်းလိုအားနည်းပါးနေခြင်းမရှိကြောင်း၊ ရေနံဝယ်လိုအား မြင့်တက်လာခြင်းမရှိဘဲ ရောင်းလိုအားတိုးလာပါက ဈေးကွက်စီးဆင်းမှု ကမောက်ကမဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အိုပက်အဖွဲ့သည် ဒီဇင်ဘာလတွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အစည်းအဝေးကျင်းပခြင်းမပြုမီ အရေးပေါ်အစည်းအဝေး ကျင်းပသင့်ကြောင်း၎င်းကပြောကြားသည်။ ***ရိုက်တာ။***

အမေရိကန်လေတပ်စခန်း ပိုလန်၌ အမြဲတမ်းထားမည်

ဝါဆော ဇွန် ၁၃

ပိုလန်နိုင်ငံ၌ အမေရိကန်လေတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် လေယာဉ်များ အမြဲတမ်းတပ်စွဲထားရန်ခွင့်ပြုသည့် သဘောတူညီချက်ကို အမေရိကန်ပြည်ထောင်စုနှင့် ပိုလန်နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်ဟု တနင်္လာနေ့ အေပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ပိုလန်ကာကွယ်ရေးဝန်ကြီး ဗော့ဒန်ကလစ်ချ်နှင့် ပိုလန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် လီဖိန်စတိန်တို့သည် ထိုသဘောတူညီချက်စာချုပ်ကို တနင်္လာနေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

စာချုပ်အရ ၂၀၁၃ ခုနှစ်မှစတင်၍ အမေရိကန်လေတပ်မှ ပျံသန်းရေးတပ်ဆွယ်တစ်ခုသည် ပိုလန်၌ ပထမဆုံး အမြဲတမ်း တပ်စွဲထားမည်ဖြစ်သည်။ ယင်းတွင် အက်ဖ် ၁၆ တိုက်လေယာဉ်များနှင့် စီ - ၁၃၀ သယ်ယူပို့ဆောင်ရေး လေယာဉ်များပါဝင်မည်ဖြစ်သည်။

၁၉၉၉ ခုနှစ်မှစတင်၍ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)အဖွဲ့ဝင်ဖြစ်လာသော ပိုလန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ယုံကြည်အားကိုးရသည့် မိတ်ဆွေဖြစ်လာခဲ့သည်။ **အေပီ။**



လူမှောင်ခိုတင်ဆောင်လာသည့် ထရပ်ကားတစ်စီး မက္ကဆီကို တောင်ပိုင်းနယ်စပ်၌ ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး ဇွန် ၁၃

မက္ကဆီကိုနိုင်ငံ တောင်ပိုင်းနယ်စပ်ဒေသအနီး၌ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မည့်သူများအား အပြည့်အသိပ် တင်ဆောင်လာသော ထရပ်ကားတစ်စီးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း ဇွန် ၁၃ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကတိုက်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့မှ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မည့်သူ ၂၁၀ လိုက်ပါလာသော ထရပ်ကားတစ်စီးကို အဝေးပြေးလမ်းစစ်ဆေးရေးဂိတ်တစ်ခု၌ ရှာဖွေဖမ်းဆီးရမိကြောင်း လူဝင်မှုကြီးကြပ်ရေး အရာရှိတစ်ဦးက ပြောကြားသည်။

တရားမဝင်ရွှေ့ပြောင်း အခြေစိုက်မည့်သူများမှာ ဘရာဇီး၊ ဂွါတီမာလာ၊ အယ်လ်ဆာဗေဒိုနှင့် နီကာရာဂွါနိုင်ငံတို့မှဖြစ်ကြကြောင်း၊ ၎င်းတို့ထဲတွင် အိန္ဒိယနိုင်ငံသားအချို့လည်း ပါဝင်နေကြောင်း၊ ထရပ်ကားအတွင်း မတ်တတ်ရပ်ကာ ကျပ်ကျပ်တည်းတည်းလိုက်ပါလာခဲ့ကြရကြောင်း အဆိုပါ အရာရှိက ပြောကြားသည်။

ခိုးဝင်လာသူများအား ဂွါတီမာလာနိုင်ငံနှင့် ထိစပ်နေသော မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီယာပတ်စ်ပြည်နယ် ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ပြီး ၎င်းတို့ကိုသက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တရားမဝင်ရွှေ့ပြောင်းအခြေစိုက်သူများသည် မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ခိုးဝင်လေ့ရှိကြသည်။ အမေရိကန်နိုင်ငံသို့ လူမှောင်ခိုသွင်းသည့်လုပ်ငန်းမှာ တစ်နှစ်လျှင် ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံအထိ ဝင်ငွေရရှိနိုင်သော လုပ်ငန်းအဖြစ်ရှင်သန်လျက်ရှိသည်။ ***ရိုက်တာ။***

မက္ကဆီကိုနိုင်ငံတောင်ပိုင်း နယ်စပ်ဒေသအနီး လူမှောင်ခိုတင်ဆောင်လာသော ထရပ်ကားတစ်စီးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စက်မှုလုပ်ငန်းဆိုင်ရာ ခဲဆိပ်သင့်မှု တရုတ်နိုင်ငံအရှေ့ပိုင်း၌ဖြစ်ပွား

ပေကျင်း ဇွန် ၁၃

တရုတ်နိုင်ငံအရှေ့ပိုင်း စီကျန်းပြည်နယ် ယန်စွင်ကျောင်းမြို့၌ စက်မှုလုပ်ငန်းဆိုင်ရာ ခဲဆိပ်သင့်ခံရသူ ကလေး ၁၀၃ ဦး ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

ခဲဆိပ်သင့်ခံရသူ ကလေးများမှာ အသက်(၁၄)နှစ်အောက်ကလေးများဖြစ်ကြပြီး သွေးတစ်လီတာလျှင် ခဲဓာတ်မိုက္ကရိုဂရမ် ၂၅၀ ကျော် ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ကလေးများအပြင် လူကြီး ၂၆ ဦးမှာလည်း စက်မှုလုပ်ငန်းဆိုင်ရာ ခဲဆိပ်သင့်မှုကို ခံစားကြရသည်။ ၎င်းတို့၏သွေးကို ဓာတ်ခွဲစစ်ဆေးခဲ့ရာ သွေးတစ်လီတာလျှင် မိုက္ကရိုဂရမ် ၆၀၀ ကျော် ပါဝင်နေသည်ကို တွေ့ရှိရသည်။

ယန်စွင်ကျောင်းမြို့ရှိ သံဖြူပြားထုတ်လုပ်သော အလုပ်ရုံများမှတစ်ဆင့် စက်မှုလုပ်ငန်းဆိုင်ရာ ခဲဆိပ်သင့်မှု ပေါ်ပေါက်ခြင်းဖြစ်သည်။

ယင်းမြို့၌ ပုဂ္ဂလိကပိုင် သံဖြူပြားထုတ်လုပ်သော အလုပ်ရုံများတည်ရှိသည်။ ယင်းမြို့ရှိ မြို့သူမြို့သား ၅၀၀ခန့်မှာလည်း အတန်အသင့် ခဲဆိပ်သင့်မှု ခံစားရသည်ကို လေ့လာတွေ့ရှိရသည်။ ***ဆင်ဟွာ။***

ရုရှားနိုင်ငံ မော်စကို စကြဝဠာသိပ္ပံပြတိုက်၌ ပြသထားသော နေစကြဝဠာ၏ ပုံစံငယ်ပြကွက်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖူကူရှီးမား နျူကလီးယားစက်ရုံမှ လုပ်သား ခြောက်ဦး သာမန်ထက်ကျော်လွန်သည့် ဓာတ်ရောင်ခြည်သင့်နေ

တိုကျို ဇွန် ၁၃

မတ် ၁၁ ရက် ဂျပန်ငလျင်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ အလုပ်သမား ခြောက်ဦးသည် သာမန်ထက်ကျော်လွန်သည့် ဓာတ်ရောင်ခြည်သင့်မှုနှင့် တွေ့ကြုံခဲ့ရကြောင်း ပြည်သူပိုင်အသံလွှင့်ဌာနဖြစ်သော အင်န်အိပ်ချ်ကေ သတင်းဌာနက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီမှ အလုပ်သမား ခြောက်ဦးသည် ဓာတ်ရောင်ခြည်ပမာဏ ၂၅၀ မီလီဆီးဗတ်ကျော် ထိတွေ့ခံခဲ့ရကြောင်း၊ ၎င်းတို့အနက် အလုပ်သမားတစ်ဦးမှာ ၅၀၀ မီလီဆီးဗတ်အထိ ဓာတ်ရောင်ခြည်သင့်ခဲ့ကြောင်း အင်န်အိပ်ချ်ကေက သတင်းဖော်ပြသည်။ တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီသည် ဖူကူရှီးမားနျူကလီးယား ဓာတ်အားပေးစက်ရုံကိုလည်းပတ်လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်သည်။

ထိုစဉ်အတွင်း ဖူကူရှီးမား နျူကလီးယားစက်ရုံရှိ မသန့်စင်သောရေမှ ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများအား ရှင်းလင်းဖယ်ရှားနိုင်ရန် စီစဉ်လျက်ရှိသော်လည်း ပြဿနာများနှင့် တွေ့ကြုံနေရဆဲဖြစ်သည်။

ရေထဲမှ ရေဒီယိုသတ္တိကြွပစ္စည်းများကို ရှင်းလင်းသုတ်သင်ပေးမည့် ရေသန့်စင်စက်ရုံတစ်ရုံကို ဇွန် ၁၄ ရက်တွင် စမ်းသပ်မှု ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောကြားသည်။

ဖူကူရှီးမားစက်ရုံ၌ အပူချိန်အလွန်အမင်းမြင့်တက်နေသော ဓာတ်ပေါင်းဖိုများကို အအေးဓာတ်ပေးနိုင်ရန် ရေလောင်းပေးခဲ့ရာ ဓာတ်ပေါင်းဖိုများထားရှိသော အဆောက်အအုံများ၏ မြေအောက်ထပ်များတွင် မသန့်ရှင်းသည့် ရေတန်ချိန် ၁၀၀၀၀၀ ကျော် စုဝေးနေပြီး ပင်လယ်တွင်းသို့ ယိုစိမ့်သွားမည်ကို စိုးရိမ်နေကြရသည်။ ***အင်တာနက်။***

ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲရှိ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်း ရေအားလျှပ်စစ်တည်ဆောက်ရေးတွင် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း

နေပြည်တော် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ဝါသုတေသနနှင့် မျိုးသန့်ခြံသို့ ရောက်ရှိပြီး ဝါသုတေသနပညာရှင်များ၏ ငွေချည်(၆)ဝါမျိုးကို ပင်ကြားတန်းကြားအမျိုးမျိုး စမ်းသပ် သုတေသနစိုက်ပျိုးခြင်းများ၊ အာဟာရလိုအပ်ချက် စမ်းသပ်သုတေသနစိုက်ခင်းများ၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု စမ်းသပ်သုတေသနစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းသား ၄၇ ဦးတို့၏ မြေယာသစ်တွင် လယ်ထွန်စက်ကြီးများ၊ လက်တွန်းလယ်ထွန်စက်များဖြင့် လက်တွေ့လေ့ကျင့် ထွန်ယက်နေမှု၊ သုတေသနစိုက်ကွင်းများ စိုက်ပျိုးရေ အလုံအလောက်ရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ကင်းတားလက်ဝဲမြောင်းပြုပြင်ခြင်း၊ မြောင်းငယ်များပြုပြင်ခြင်းနှင့် လယ်ကြားမြောင်းများ ပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်နေသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း၏ ပုံစံငယ်ကို လည်းကောင်း၊ ရှုရပ်မှနေ၍ ပင်မတမံကို စက်ယန္တရားကြီးများဖြင့် မြေသားလွှာ၊ သဲလွှာ၊ ကျောက်လွှာများ ဖို့နေမှုနှင့် Power Intake အဆောက်အအုံ ဆောက်လုပ်မည့်နေရာကိုလည်းကောင်း၊ မြေထိန်းနံရံတည်ဆောက်နေမှုနှင့် ရေအားလျှပ်စစ် ဥမင်လိုဏ်အထွက်ပိုင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးသတိထား ဆောင်ရွက်ကြရန်နှင့် ကမ္ဘာတစ်ဝန်း ရာသီဥတုရုတ်ခြည်းဖောက်ပြန်ပြောင်းလဲမှုနှင့် မမျှော်မှန်းနိုင်သော ငလျင်နှင့် သဘာဝဘေးအန္တရာယ်ဒဏ်များကို ကြိုတင်တွက်ဆပြီး အသက်အိုးအိမ် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သည့်အစီအမံများ ချမှတ်လုပ်ဆောင်ထားကြရန်၊ ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲရှိ သစ်တောသစ်ပင်များနှင့် သဘာဝသားရဲတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်ရန်၊ တည်ဆောက်နေသည့်ကာလတွင် ငွေ၊ ပစ္စည်း၊ စက်သုံးဆီ၊ စက်ယန္တရားများကို အလေအလွင့်မရှိအောင် စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်၊ ရေအားလျှပ်စစ်တည်ဆောက်ရေးတွင် သက်ဆိုင်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း တည်ဆောက်ကြရန် မှာကြားခဲ့သည်။

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ တမံအလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေရှိ မြေသားတမံဇုန်အမျိုးအစားဖြစ်ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် ရေအားလျှပ်စစ် ဓာတ်အား ၃၀ မဂ္ဂါဝပ် (၁၅ မဂ္ဂါဝပ် ×၂ လုံး)ဖြင့် နှစ်စဉ်ပျမ်းမျှထုတ်လွှတ်မည့် လျှပ်စစ်ဓာတ်အား နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ ကီလိုဝပ် ပေးနိုင်ရေးအတွက် တည်ဆောက်လျက်ရှိရာ ဇွန် ၁၀ ရက်အထိ လုပ်ငန်းအားလုံး၏ ၆၇ ဒသမ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေအားလျှပ်စစ် ဥမင်လိုဏ်အထွက်ပိုင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ ပရဝဏ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်၍ ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း၊ အမှုထမ်းများက အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး စိုက်ခင်း၌ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ဆက်လက်၍ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

အလားတူ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများက မိမိတို့ဌာန စိုက်ခင်းများ၌ အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကိုစိုက်ပျိုးကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့်သစ်ပင်များမှာ သစ်မွှေး၊ ပိတောက်၊ စိန်တလုံးသရက်၊ စိန်ပန်း၊ ရွှက်လှ၊ ကံ့ကော်၊ ခရေ၊ ရေတမာနှင့် မဲဇလီပင် စုစုပေါင်းအပင် ၁၅၀၀ စိုက်ပျိုးခဲ့သည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ခရေပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် အမျိုးသမီးအခြေခံအိမ်တွင်းမှုသင်တန်း ဖွင့်လှစ်

နေပြည်တော် ဇွန် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် အမျိုးသမီးအခြေခံအိမ်တွင်းမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ ပရဟိတကျောင်း၌ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများ စက်ချုပ်သင်ကြားနေမှုနှင့် သင်ကြားမည့်အကျီနမူနာပုံစံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးသည်။**(အောက်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင်အသုံးပြုမည့် အပ်ချုပ်စက်နှင့် သင်တန်းသုံးပစ္စည်းများကို ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပဲခူးမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ လောင်းလုံမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မြောင်းမြမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)နှင့် သိမ်ဖြူမြို့တို့တွင် ၃ ဒသမ ၁၅ လက်မစီ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၀၃ လက်မနှင့် သထုံမြို့တွင် ၂ ဒသမ ၈၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အသက်ပေါင်းများစွာ ကယ်တင်ဖို့ ဝိုင်းဝန်းသွေးလှူကြပါစို့

ဒေါက်တာသီတာအောင်

ကမ္ဘာတစ်ဝန်းမှ စေတနာသွေးလှူရှင်များကို ကျေးဇူးတင်ကြောင်း စုပေါင်း၍ ဖော်ပြလိုသောကြောင့် သွေးလှူရှင်စုဆောင်းမှုကို ဦးဆောင်တာဝန်ယူလုပ်ကိုင်နေသော International Society of Blood Transfusion Service (ISBT), International Federation of Donor Society (FIODS),International Federation of Red Cross and Red Crescent Society (IFRC), World Health Organization (WHO) တို့၏ ဦးစီးနိုးဆော်မှုဖြင့် ၂၀၀၅ ခုနှစ်မှစ၍ ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကျင်းပခဲ့ကြသည်။

မိမိနှင့်တစ်ကြိမ်မျှ တွေ့ဆုံဖူးခြင်းမရှိသောသူများ၏ကျေးဇူးကြောင့် အသက်ရှင်ခွင့်ရရှိသော လူသန်းပေါင်းများစွာ ကမ္ဘာတစ်ဝန်းတွင် ရှိနေပြီဖြစ်သည်။ တစ်ပါးသူ၏အသက်ကို မိမိအတွက် ဘာမျှမမျှော်ကိုးဘဲ လှူဒါန်းအသက်ကယ်ခဲ့သော သွေးလှူရှင်များကို ဆေးကုသမှုနယ်ပယ်မှ ပညာရှင်များက ကျေးဇူးတင်ကြောင်း ပြသလိုသည်မှာ ပြုသင့်သောလုပ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် သွေးသွင်းကုသမှုလုပ်ငန်းများ၏ ကျေးဇူးရှင်ဖြစ်သော သွေးအုပ်စုများစွာကို ရှာဖွေပေးခဲ့သည့် နိုဘယ်ဆုရှင် Karl Lensteiner အားလည်း အမြဲအမှတ်ရစေရန် ၎င်း၏ မွေးနေ့ ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

နိုင်ငံအသီးသီးတွင် ၎င်းနိုင်ငံတို့၏ အစီအစဉ်၊ ရည်ရွယ်ချက်များအတိုင်း ကျင်းပကြသော သွေးလှူရှင်များနေ့ကို အစားထိုးရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ စေတနာသွေးလှူရှင် စုဆောင်းမှုကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရန် ပြုလုပ်မည့်အစီအစဉ်များအတွက် ခြေလှမ်းများ စတင်နိုင်ရန် လိုအပ်သော အစီအစဉ်များ ရေးဆွဲရာတွင် ထောက်ပံ့မှုပြုနိုင်ရေးအတွက်သာ ရည်ရွယ်သတ်မှတ်ခြင်းဖြစ်သည်။

WHO ၏ စစ်တမ်းများအရ နိုင်ငံပေါင်း ၁၆၂ နိုင်ငံတွင် ၈၅ ဒသမ ၄ သန်းသော သွေးလှူရှင်များ သွေးလှူဒါန်းမှုပြုနေကြောင်း သိရှိရသည်။ ၎င်းသွေးလှူရှင်များ၏ ၃၅ ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်း နေထိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွေးလှူဒါန်းမှုဖြစ်သောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူနာများအတွက် သွေးလုံလောက်စွာ ရရှိနိုင်မှုမှာ ပူပန်စရာဖြစ်နေပေသည်။ တိုင်းပြည်တစ်ပြည်၏ သွေးလုံလောက်စွာ ရရှိနိုင်မှုမှာ ၎င်းတိုင်းပြည်တွင် နေထိုင်သော လူဦးရေ ၁၀၀၀ တွင် သွေးလှူဒါန်းမှု ပြုသူမည်မျှရှိသည်ဟူသည့် ညွှန်းကိန်းပေါ်မူတည်၍လည်း ဆုံးဖြတ်နိုင်သည်။

တိုင်းပြည်တစ်ပြည်၏ လူဦးရေ ၁၀၀၀ တိုင်းတွင် သွေးလှူရှင် ၁၀ ဦးရှိနေမှုကို ၎င်းတိုင်းပြည်ရှိလူနာများ သွေးလုံလောက်စွာ ရရှိနိုင်မှုအတွက် အနိမ့်ဆုံးညွှန်းကိန်းအဖြစ် သတ်မှတ်ထားရှိသည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များ၏ သွေးလှူဒါန်းမှု ညွှန်းကိန်းမှာ ၃၂ ဒသမ ၁ (၄ ဒသမ ၉၂-၆၈ ဒသမ ၀၁)ဖြစ်ပြီး ဖွံ့ဖြိုးမှုနည်းသော တိုင်းပြည်များတွင်ရှိ ညွှန်းကိန်းမှာ ၂ ဒသမ ၃ (၀ ဒသမ ၄ - ၇ ဒသမ ၄၆)ခန့်သာ ရှိနေကြောင်း တွေ့ရှိရသည်။ သွေးလှူဒါန်းမှု ညွှန်းကိန်း ၁၀ ထက် လျော့နည်းသော နိုင်ငံ ၇၃ နိုင်ငံတွင် ၇၁နိုင်ငံ (၉၇ ရာခိုင်နှုန်း)မှာ ဖွံ့ဖြိုးဆဲတိုင်းပြည်များ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လူနာများ သွေးလုံလောက်စွာ ရရှိနိုင်မှုကို ၎င်းတိုင်းပြည်၏ သွေးလှူဒါန်းမှုညွှန်းကိန်းက ညွှန်ပြနေပြီး ၎င်းသွေးလှူဒါန်းမှု ညွှန်းကိန်းကို တိုင်းပြည်၏ ဖွံ့ဖြိုးမှုအခြေအနေမှ တိုက်ရိုက်ဆက်သွယ် ထောက်ပံ့နေကြောင်း တွေ့ရှိရပါသည်။

နိုင်ငံပေါင်း ၁၆၂ နိုင်ငံအနက် ၅၇ နိုင်ငံရှိ သွေးသွင်းကုသမှု လုပ်ငန်းများကို စေတနာသွေးလှူရှင် (VMRD) ၁၀၀ ရာခိုင်နှုန်းဖြင့် ထောက်ပံ့ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ ကျန်နိုင်ငံများအနက် ၄၂ နိုင်ငံတွင် ဆောင်ရွက်နေသော သွေးသွင်းကုသမှု လုပ်ငန်းများကို အခကြေးငွေယူသော သွေးလှူရှင်(PD)နှင့် မိသားစုသို့မဟုတ် ပတ်ဝန်းကျင်မှ ထောက်ပံ့သော သွေးလှူရှင် (RD) ၇၅ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နေကြပါသည်။

ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာန၏ မှတ်တမ်းများအရ ၂၀၀၃ ခုနှစ်တွင် စေတနာသွေးလှူရှင် ၃၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း တွေ့ရှိရသည်။ ၎င်းတွေ့ရှိချက်သည် ပြည်သူများ၏ သွေးသွင်းကုသမှုလုပ်ငန်းအပေါ် နားလည်လာမှုနှင့် တာဝန်သိမှု မြင့်မားလာခြင်းကို ညွှန်ပြနေပါသည်။

ထို့အပြင် သွေးလှူရှင်များ သွေးလာရောက်လှူဒါန်းရာတွင် ၎င်းတို့၏ ကျန်းမာရေးအတွက် စိစစ်မှုများ ပြုလုပ်ပြီး သင့်တော်သူများသာ လှူဒါန်းမှု ပြုနိုင်ခြင်းဖြစ်၍ လှူဒါန်းခွင့် မရသူများမှာလည်း လေးစားထိုက်သူများပင် ဖြစ်ပေသည်။ ၂၀၀၇ ခုနှစ်တွင် လှူဒါန်းခွင့်ရသူ ၂၇၁၉၇ နှင့် လှူဒါန်းခွင့် မရသူ ၇၉၄၉ ဦးရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် လှူဒါန်းခွင့်ရသူ ၃၃၀၅၂ ဦးနှင့် လှူဒါန်းခွင့်မရသူ ၁၁၄၇၀ ရှိနေ၍ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ သွေးလှူဒါန်းမှုပြုသည့်နှုန်းထက် မြင့်မားကြောင်း တွေ့ရှိရပေသည်။

စေတနာသွေးလှူရှင်များသည် သွေးလှူဘဏ်တွင် လာရောက်လှူဒါန်းသကဲ့သို့ ပြင်ပ သွေးလှူဒါန်းပွဲများတွင်လည်း လာရောက်လှူဒါန်းမှု ပြုခဲ့ကြပါသည်။ ၂၀၀၃ ခုနှစ်တွင် ပြင်ပ သွေးလှူဒါန်းပွဲများမှ ၄၁၁၄ ဦး လှူဒါန်းခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ၁၁၂၇၈ ဦးအထိ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပြင်ပ သွေးလှူဒါန်းပွဲများပြုလုပ်ပေးသည့် စေတနာရှင်အဖွဲ့များ၏ ပိုမိုတိုးတက်လာသော စည်းရုံးထောက်ပံ့မှုကို တွေ့ရှိရသည်။

ထို့အပြင် ပထမအကြိမ် သွေးလှူဒါန်းသူများမှာ ၂၀၀၇ ခုနှစ်တွင် ၁၃၅၄၇ ဦးနှင့် ၂၀၁၀ ခုနှစ်တွင် ၁၄၂၀၈ ဦး၊ ပြန်လည်သွေးလှူဒါန်းသူများမှာ ၂၀၀၇ ခုနှစ်တွင် ၁၃၆၅၀၊ ၂၀၁၀ ခုနှစ်တွင် ၁၈၈၄၄ ဦး ဖြစ်၍ သွေးလှူဒါန်းရန် တိုက်တွန်းမှုပြုခြင်း (Motivation & Recruitment)နှင့် ပြန်လည်လှူဒါန်းရန် အားပေးမှု (Retainment) တို့မှာ ဆက်လက် တိုးတက်နေကြောင်း တွေ့ရှိရသည်။ ပထမအကြိမ် သွေးလှူဒါန်းသူများ၏ ၃၂ ဒသမ ၂ ရာခိုင်နှုန်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၂ ဒသမ ၈၃ ကြိမ် ပြန်လည်လှူဒါန်းမှုပြုနေပြီး ၅ ဒသမ ၅ ရာခိုင်နှုန်းသည် ၅ ကြိမ်အထက် မှန်မှန် ပြန်လည်လှူဒါန်းနေသော (Regular Donor)များဖြစ်သွားကြောင်း တွေ့ရှိရသည်။ သွေးလှူရှင်အဖွဲ့များတွင် လာရောက်လှူဒါန်းသူများသည် တစ်ဦးချင်း လာရောက်လှူဒါန်းသူများထက် ပြန်လည်လှူဒါန်းမှုပြုသော (Yield Rate) ၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် သွေးလှူဒါန်းပွဲများကို စေတနာ့ဝန်ထမ်းစိတ်ဖြင့် လူအင်အား၊ ငွေကြေးအင်အား ထောက်ပံ့ပေးနေသော သွေးလှူဒါန်းမှုအဖွဲ့များ၏ ကြိုးပမ်းမှုများသည် လူနာများအတွက် အမှန်တကယ် အကျိုးရှိကြောင်း အသိပေးအပ်ပါသည်။

သွေးသိုလှောင်မှု မပြုနိုင်၍ သွေးလှူဒါန်းမှုပြုမည့် စေတနာသွေးလှူရှင်များကို လိုအပ်မှသာ လှူဒါန်းခွင့်ရသည့် သွေးလှူဘဏ်များတွင် Myanmar Brewery Limited ၏ အကူအညီဖြင့် အသည်းရောင်အသားဝါဘီ ကာကွယ်ဆေး ထိုးပေးခြင်းကြောင့် ၎င်းသွေးလှူရှင်များ၏ စာရင်း၊ ဆက်သွယ်ရန်လိပ်စာတို့ကို ပြုစုနိုင်ခဲ့ပါသည်။ ၎င်းဒေသများတွင် သွေးလှူရှင်များ ပြန်လည်လှူဒါန်းမှု တိုးတက်လာခြင်းနှင့် သွေးအတွင်း စစ်ဆေးတွေ့ရှိရသော ရောဂါပိုးများ၏ တွေ့ရှိမှု ကျဆင်းလာခြင်းတို့ကို သိသာစွာ တွေ့ရှိရပါသည်။ ၂၀၀၉ ခုနှစ်မှစ၍ ယခုနှစ်အထိ ဒေသ ၁၉ ခုတွင် သွေးလှူရှင် စုစုပေါင်း ၅၅၇ ဦးအား ကာကွယ်ဆေးသုံးကြိမ်စီ ထိုးပေးပြီး ဖြစ်ပါသည်။

ယခုကဲ့သို့ စာရင်းဇယားများကို ဆန်းစစ်နိုင်ရန် Softwares များကို ထောက်ပံ့ပေးခဲ့သော JICA (MIDC Project)၊ သွေးလှူရှင်များ ပြန်လည်လှူဒါန်းမှုပြုနိုင်ရန် ငွေအား လူအားဖြင့် ကူညီ၍ ကာကွယ်ဆေးထိုးခြင်းကို ထောက်ပံ့ပေးသော Myanmar Brewery Limited၊ သွေးလှူရှင်များ စုဆောင်းမှုကို မိမိတို့၏ လုပ်အား၊ ငွေအား၊ အချိန်တို့ စိုက်ထုတ်၍ ဆောင်ရွက်ပေးသော အဖွဲ့များ၏ ကူညီမှုတို့သည် စေတနာသွေးလှူရှင်များ လှူဒါန်းမှု တိုးတက်လာခြင်းဟူသော ရလဒ်၏ အထောက်အပံ့ကောင်းများ ဖြစ်ကြပေသည်။

ယခုအခါ လူငယ်များ၏ သွေးလှူဘဏ်လုပ်ငန်းအတွက် ပညာအား၊ စီမံခန့်ခွဲမှုအားတို့ဖြင့် ကူညီပံ့ပိုးမှုတို့မှာ ပိုမိုတိုးတက်လာ၍ ၎င်းလူငယ်များအား လူနာများကိုယ်စား လေးစားကျေးဇူးတင်လျက် ရှိပါသည်။ ထို့ကြောင့် လူနာများအတွက် အန္တရာယ်ကင်းသော သွေးဖြင့် လုံလောက်စွာ ထောက်ပံ့နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြသူအားလုံး၏စိတ်ထားကောင်းများ၊ မွန်မြတ်သော လုပ်ဆောင်မှုများသည် နောင်အနာဂတ် လူ့ဘောင်အတွက် အေးငြိမ်းချမ်းသာသော အသီးအပွင့်ကောင်းများ ဖြစ်ပေါ်လာမည်မှာ မလွဲဧကန်ဖြစ်ပေသည်။ ။



နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အမေရိကန်မှာ သီချင်းဆိုလေ့ကျင့်မည့် ဗြိတိသျှအဆိုတော် အဒီးလ်

ဗြိတိသျှအဆိုတော် အဒီးလ်က အမေရိကန်နိုင်ငံမှ အဆိုနည်းပြဆရာ ရွှန်အန်ဒါဆင်ထံတွင် သီချင်းဆို လေ့ကျင့်မှုများကို လေ့လာသင်ယူသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဒီးလ်သည် သီချင်းဆိုရာတွင် အသံနေအသံထား လေ့ကျင့်မှုများကို လေ့လာသင်ယူသွားမည်ဖြစ်သလို သူ၏ လည်ချောင်းနာရောဂါနှင့်ပတ်သက်၍လည်း အသံအနိမ့်အမြင့် ထိန်းသိမ်းတတ်ရန် လေ့ကျင့်သွားမည်ဟု ဆိုသည်။ အဒီးလ်သည် သူ၏ လည်ချောင်းနာရောဂါကြောင့် လွန်ခဲ့သည့်ရက်များအတွင်းက အမေရိကန်တွင် သီဆိုဖျော်ဖြေမည့် ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

အဆိုနည်းပြဆရာ အန်ဒါဆင်သည် ယခင်ကလည်း နာမည်ကျော် အဆိုတော်များဖြစ်သည့် အလီရှာကီးစ်၊ ဂျို့စတုန်းနှင့် ရက်ဟော့ချီလီပက်ပါတို့ အပါအဝင် တေးသံရှင်များကို အသံမပျက်စီးစေရန် သီဆိုသည့် နည်းစနစ်များကို သင်ကြားပေးခဲ့ဖူးသည်။

ယေဘုယျအားဖြင့် တေးသံရှင်များ အများဆုံး သီဆိုသော သီချင်းဆိုနည်းနှစ်နည်းရှိသည်။ ယင်းတို့မှာ ရင်ခေါင်းသံကိုအားပြု၍ အော်ဟစ်သီဆိုသောနည်းနှင့် အသံကို မိမိ၏ အသံအနေအထားအတိုင်း ပုံမှန်တည်တည်ငြိမ်ငြိမ် သီဆိုသောနည်းဟူ၍ နှစ်နည်းရှိကြောင်း အနုပညာ သတင်းအရင်းအမြစ်တစ်ခုက သည်ဆန်းသတင်းစာသို့ ပြောကြားသည်။

ရင်ခေါင်းသံကို အားပြု၍ အော်ဟစ်သီဆိုသောနည်းမှာ လည်ချောင်းအတွင်း အဖုအကျိတ်ဖြစ်၍ လည်ချောင်းနာရောဂါ ရရှိစေရန် ပိုမိုအခွင့်အလမ်းများသည်ဟု ဆိုသည်။



*အဆိုတော်အဒီးလ်**(အပေါ်ပုံ)**သည် ယခု လောလောဆယ် ယင်းနည်းလမ်းကို အသုံးပြု၍ သီဆိုနေသူဖြစ်သည်။*

အသက် ၂၃ နှစ်ရှိ အဒီးလ်သည် မကြာသေးမီက ဆေးလိပ်ဖြတ်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဆေးလိပ်သောက်ခြင်းသည်လည်း သူ၏အသံပျက်စီးရာတွင် အကြောင်းရင်းတစ်ရပ်ဖြစ်မည်ဟု ဆိုသည်။

အင်တာနက်။

အောဝမ်းစိုး

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရွှေဆွဲကြိုးလုယက်သူများ နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၈)ရပ်ကွက် မောင်းမကန် ကမ်းသာလမ်းရှိ အပေါင်ဆိုင်တစ်ဆိုင်၌ မေ ၃၁ ရက် မွန်းလွဲပိုင်းက လုယက်မှု ဖြစ်ပွားခဲ့ကြောင်းနှင့် လုယက်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် အပေါင်ဆိုင်သို့ လူနှစ်ဦးရောက်ရှိလာပြီး ရွှေဝယ်လိုကြောင်း ပြောသဖြင့် ရွှေဆွဲကြိုးနှစ်ကုံးကို ထုတ်ပြခဲ့ရာ အဆိုပါ လူနှစ်ဦးက ဆွဲကြိုးနှစ်ကုံးကိုယူ၍ အသင့်စောင့်နေသော လူငယ်နှစ်ဦးနှင့် အတူ စက်ဘီးများဖြင့် ထွက်ပြေးသွားခဲ့ကြကြောင်း သိရသည်။

ရွှေဆွဲကြိုးလုယက်သွားကြောင်း သိလျှင်သိချင်း နယ်မြေခံရဲတပ်ဖွဲ့က စုံစမ်းရာ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၈)ရပ်ကွက် ပုလဲရတနာလမ်းနှင့် မြိတ်လမ်းထောင့်တွင် ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၀)ရပ်ကွက်နေသူများဖြစ်သည့် စိုင်းပြည်ဟိန်း (၁၉)နှစ်အား အနက်ရောင် ဂျပန်စက်ဘီးဖြင့်လည်းကောင်း၊ အနီးရှိ အိမ်အတွင်း ပုန်းအောင်းနေသည့် ထွန်းနောင်စိုး (၂၅)နှစ်အားလည်းကောင်း ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့ပြီး သက်သေများရှေ့၌ ရှာဖွေရာ စိုင်းပြည်ဟိန်းထံမှ အလေးချိန် ၃ ပဲ ၂ ရွေးခန့်ရှိ ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက် စစ်ဆေးဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၉)ရပ်ကွက်နေ စိုးမင်း(ခ)ရဲမာန်ထွဋ် (၁၇)နှစ်နှင့် ဇွဲမာန်ထွဋ် (၁၉)နှစ်တို့ နှစ်ဦးအား သက်သေခံပစ္စည်း ၆ ပဲ ၃ ရွေးခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့်ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အဖြူရောင် မိန်းမစီးစက်ဘီးတစ်စီးနှင့်အတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝင်းဝင်းမော်)

သမဝါယမကောလိပ် (ဖောင်ကြီး) (၁၅)ကြိမ်မြောက် ဒီပလိုမာပေးအပ်

နေပြည်တော် ဇွန် ၁၃

သမဝါယမကောလိပ်(ဖောင်ကြီး)၏ (၁၅)ကြိမ်မြောက် ဒီပလိုမာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကောလိပ်စုဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူသုံးဦးအား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆုများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဖောင်ကြီး သမဝါယမကောလိပ် ကျောင်းအုပ်ကြီး ဦးအေးကျော်က စီးပွားရေးလုပ်ငန်း စာရင်းကိုင်ဒီပလိုမာ ရရှိသူ ၅၆ ဦးနှင့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ဒီပလိုမာရရှိသူ ၃၄ ဦးတို့အား ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ဧရာဝတီတံတား(ညောင်တုန်း)တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတံတား(ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်သည်။ ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ချဉ်းကပ်ကားလမ်း နှစ်ဖက်အရှည် ၃၄၁၂ ပေ၊ ချဉ်းကပ်ရထားလမ်း နှစ်ဖက်အရှည် ၁၃၁၄၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၃ လက်မစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ရှိသည်။

ဧရာဝတီတံတား(ညောင်တုန်း)တွင် မီတာ ၁၂၀ အရှည် ၁၆ ခန်း၊ မီတာ ၁၀၀ အရှည် နှစ်ခန်း ၊ မီတာ ၆၀ အရှည် နှစ်ခန်း စုစုပေါင်းသံပေါင်အခန်း ၂၀ ပါရှိပြီး သံပေါင်တပ်ဆင်ပြီးစီးမှုမှာ မီတာ ၁၂၀ အရှည် ကိုးခန်း၊ မီတာ ၁၀၀ အရှည်တစ်ခန်းနှင့် မီတာ ၆၀ အရှည် နှစ်ခန်း စုစုပေါင်း သံပေါင် အခန်း ၁၂ ခန်း တပ်ဆင်ပြီးစီး၍ ကျန်ရှိသည့် သံပေါင်ရှစ်ခန်းကို ဆက်လက်တပ်ဆင်လျက်ရှိကြောင်း သိရှိရသည်။

သံပေါင်တပ်ဆင်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပုသိမ်ဘက်ကမ်း ရှင်းလင်းဆောင် ရှုရပ်မှ သံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ချဉ်းကပ်(ကား၊ ရထား) တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်ကားလမ်း မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းနှင့် ချဉ်းကပ်လမ်းပေါ်ရှိ တံတားများ တည်ဆောက်နေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အာဆီယံ သွေးလွန်တုပ်ကွေးနေ့
၂၀၁၁ ခုနှစ် ဇွန်လ (၁၅) ရက်
လူမှုဒုက္ခကင်းဝေးဖို့ သွေးလွန်တုပ်ကွေးကာကွယ်စို့
ကျန်းမာရေးဝန်ကြီးဌာန

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (ညောင်တုန်း) သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

မိုးရာသီအတွင်း အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား၊ အကိုက်ခံရခြင်းကြောင့် ကူးစက်သည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်၊ မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များ မပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စက်မှုဇုန်ထုတ်မော်တော်ယာဉ်များ ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်အောင်ကြိုးပမ်း မော်တော်ယာဉ်ထုတ်လုပ်မှု အဆင့်တိုင်းကို ပြည်တွင်း၌သာ အများဆုံးထုတ်လုပ်

တွေ့ဆုံဆွေးနွေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၃

ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုတွင် မော်တော်ယာဉ် အမျိုးအစားပေါင်းများစွာ ထုတ်လုပ်နိုင်သော်လည်း ပြည်တွင်း လိုအပ်ချက်ဖြစ်သည့် သယ်ယူပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများကို အလေးထားထုတ်လုပ်ကြရန်၊ ပြည်တွင်းမော်တော်ယာဉ် ဈေးကွက်တွင် အရည်အသွေးစံချိန်ပြည့်မီကာ အရေအတွက်များများထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆွေးနွေးပြောကြားသည်။

ထို့အပြင် ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို ထိုက်သင့်သည့် အကျိုးအမြတ်ရယူ၍ သုံးစွဲသူပြည်သူများ စိတ်အေးချမ်းသာ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည်အထိ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရန်နှင့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှု အဆင့်ဆင့်တိုင်းကို ပြည်တွင်း၌သာ အများဆုံးထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သူများ အနေနှင့် တရားဝင်မှန်ကန်သော လမ်းကြောင်းပေါ်မှ ထုတ်လုပ်မှုဆောင်ရွက်ကြရန်နှင့် သို့မှသာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမည့် Sustainable Development လမ်းကြောင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မော်တော်ယာဉ် ထုတ်လုပ်သူ လုပ်ငန်းရှင်များအတွက် လိုအပ်သည့် ချေးငွေများကို ဘဏ္ဍာရေးမူဝါဒစည်းကမ်းများနှင့်အညီ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်က သတ်မှတ်ထားသည့် အခွန်အခများကို အပြည့်အဝ ပေးဆောင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စက်မှုဇုန်များရှိ ကားထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော မော်တော်ယာဉ်များအတွက် သတ်မှတ်ကုန်သွယ်ခွန်၏ ၂၀ ရာခိုင်နှုန်းကိုသာ ပေးဆောင်ရန် လျှော့ပေါ့ပေးထားကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ခွင့်ပြုချက်ရရှိသည့်၊ စစ်ဆေးခံယူပြီးသည့်၊ အခွန်ပေးဆောင်ပြီးသည့် စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို နေ့ချင်းပြီး မော်တော်ယာဉ်လိုင်စင် ထုတ်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာန၏ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များ တိုးတက်ရေးအတွက် ပံ့ပိုးကူညီနေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ထုတ်လုပ်ပြီးသော မော်တော်ယာဉ်များကို စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီး Inspection Certificate (I. C) ထုတ်ပေးမည် ဖြစ်ကြောင်း၊ ၎င်း I. C နှင့်အတူ သက်ဆိုင်ရာ အခွန်ဦးစီးဌာနရုံးတွင် တစ်စီးချင်းအလိုက် ထုတ်လုပ်သူ(သို့မဟုတ်) ကုမ္ပဏီမှ အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း၊ I. C နှင့် အခွန်ပြေစာရှိမှသာ မော်တော်ယာဉ်အား ရောင်းချခွင့် ရှိမည်ဖြစ်ကြောင်း၊ I. C အခွန်ထမ်းပြေစာ၊ အရောင်းပြေစာတို့နှင့်အတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတွင် လိုင်စင်ကြေး၊ အခြားအခွန်အခများ ပေးဆောင်ပြီးစီးမှ ယာဉ်မှတ်ပုံတင်အမှတ် ထုတ်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကညင်ကျိုးတံတားအမှတ်(၄) ပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုကို မေ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

☆ ရှေ့ဖုံးမှ

အဆိုပါ အခြေခံပညာမူလတန်းကျောင်း၏ မူလကျောင်းဆောင်မှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သဖြင့် နိုင်ငံတော်က အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၅ ပေရှိ အုတ်ညှပ် (Steel Structure) ကျောင်းဆောင်သစ်ကို ငွေကျပ် ၂၁၆ သိန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကော့မှူးမြို့ မြို့နယ်အားကစားခန်းမသို့ ရောက်ရှိပြီး မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်၊ မြို့နယ် ဖွဲ့စည်းမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံမှု၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားမှုနှင့် ကျောင်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဆေးရုံနှင့် ဆေးပေးခန်းများ ဖွင့်လှစ်ထားမှုအခြေအနေနှင့် နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကော့မှူးမြို့နယ် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ပြည်သူများ လိုလားတောင့်တသည့် စားဝတ်နေရေး ချောင်လည်ပြည့်စုံလိုမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်လိုမှု ဟူသည့် အဓိကလိုလားချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင် အောင်မြင်နေမှု၊ ပြည်သူများက ရွေးချယ် တင်မြှောက်ပေးလိုက်သည့် အစိုးရအဖွဲ့ဖြစ်သည်နှင့်အညီ ပြည်သူများ၏ အနာဂတ်တောက်ပအောင် ဆောင်ရွက်ပေးနေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးလုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရရှိထားပြီးဖြစ်သည့်အားလျော်စွာ ပြည်သူများအနေဖြင့် မိမိတို့၏ အနာဂတ်ဖွံ့ဖြိုးမှုပန်းတိုင်သို့ လျှောက်လှမ်းကြရာတွင် အသိတရားနှင့် ယှဉ်၊ သတိတရားဖြင့် ပေါင်းစပ်ဆင်ခြင်ကြရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများ ဖြစ်ကြသည့် ဦးသင်းရွှေ၊ ဦးမြင့်အောင်နှင့် ဦးအေးကြိုင်တို့က ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းညွှန်အမှာစကားပြောကြားသည်။

ထို့နောက် ကော့မှူးမြို့နယ်အတွင်းရှိ ပုပ္ပားကျေးရွာ စေတနာအလင်းစာကြည့်တိုက်၊ ဖျံ့ရွာချောင်ကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်၊ ထန်းမနိုင်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၊ မကျီးကန်ကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်၊ ဝါးသခ်ကျေးရွာ ဟိုဖန်းစာကြည့်တိုက်၊ ခရိုက်ခနိကျေးရွာ နိုင်ငံ့သားကောင်းစာကြည့်တိုက်၊ မှော်ဒေါကျေးရွာ ကျေးလက်လမင်းစာကြည့်တိုက်၊ ကျုံဒရယ်ကျေးရွာ မိုးဆန်းပန်းစာကြည့်တိုက်၊ ပိန္နဲကုန်းကျေးရွာ သုတဗျူဟာစာကြည့်တိုက်နှင့် နတ်စင်ကုန်းကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်များသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်၊ စာစောင်များကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်များ ကိုယ်စား ပုပ္ပားကျေးရွာမှ ဦးမြင့်သီဟက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကော့မှူးမြို့ရှိ Food Security Shelter တန် ၅၀၀ စပါးသိုလှောင်ရုံ အဆောက်အအုံသို့ ရောက်ရှိပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးမှုနှင့် ဆန်သိုလှောင်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာဝန်ရှိသူများအား အဆောက်အအုံကို စနစ်တကျ ထိန်းသိမ်းရန်နှင့် သိုလှောင်ထားသော ဆန်များ လေလွင့်ပျက်စီးမှု မရှိစေရေးအတွက် သုံးလတစ်ကြိမ် လဲလှယ်ပေးသွားရန် မှာကြားသည်။

အဆိုပါ အဆောက်အအုံမှာ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်း အစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ အစိုးရက ဆောက်လုပ်လှူဒါန်းသည့် အဆောက်အအုံဖြစ်ပြီး အုတ်၊ ကွန်ကရစ် အမျိုးအစား အလျားပေ ၉၀ နှင့် အနံပေ ၄၀ ရှိကာ ဆန်တန်ချိန် ၅၀၀ သိုလှောင်နိုင်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကော့မှူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးမှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာအုပ်စု တော်ခရမ်းရွာဦးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျေးရွာမှ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မူလတန်းကျောင်း ဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား နိုင်ငံတော်က ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနေသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ မိမိတို့၏ ရင်သွေးငယ်များအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ကြရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါကျောင်းရှိ ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ကွန်ကရစ် အုတ်ညှပ် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်က ငွေကျပ် ၂၁၆ သိန်း အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ အဆောက်အအုံ တစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ပြည်သူများနှင့် တွေ့ဆုံ

ထို့နောက် ဒုတိယသမ္မတသည် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမသို့ ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံပိုလျှံမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကွမ်းခြံကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တင်ပြ

ယင်းနောက် ဒေသခံပြည်သူများ ဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးဝင်းမြင့်၊ ဦးလှဌေးနှင့် ဦးအောင်ဆန်းဝင်းတို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လမ်းညွှန်အမှာစကားပြောကြားသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ တော်ခရမ်းအနောက်၊ ဆူးကလပ်၊ တိုက်ကြီး၊ သပြုစမ်း၊ ကြခတ်ကုန်းကြီး၊ တော်ခရမ်းအရှေ့၊ ကမာပါ၊ ခလောက်တရာ၊ ကံလျားရှည်နှင့် တော်ကေးကျေးရွာ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်၊ စာစောင်များကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းညွှန်မှာကြား

ဒုတိယသမ္မတသည် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ ရောက်ရှိစဉ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာ၌ ယနေ့ မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လိုက်ပါလျက် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များ၏ ပညာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ မူလတန်းကျောင်းဆောင်သစ်များကို သွားရောက်ကြည့်ရှုခဲ့ရာတွင် ကျောင်းများ၏ မြေနေရာအကျယ်အဝန်းမှာ ကျဉ်းမြောင်းနေသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ယနေ့တိုးပွားလာသည့် လူဦးရေနှင့် အတူ ကျောင်းသား၊ ကျောင်းသူများလည်း တစ်နေ့တခြား တိုးတက်လာမည်ဖြစ်ပြီး ကျောင်းဆောင်သစ်များကိုလည်း ဆက်လက် ထပ်မံတိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေဦးမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းတစ်ကျောင်းတွင် စာသင်ခန်းများအပြင် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားလှုပ်ရှားမှုများ လုပ်ဆောင်နိုင်သည့် အားကစားကွင်းများကိုပါ ထည့်သွင်းတည်ဆောက်သွားနိုင်ရန် လိုကြောင်း၊ ဤကဲ့သို့ ကျောင်းစာသင်ခန်းများနှင့် ကျန်းမာရေးလှုပ်ရှားမှုတို့အတွက် လိုအပ်သည့် ကျောင်းမြေနေရာရရှိနိုင်ရန် အုပ်ချုပ်ရေး၊ ပညာရေးတို့မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း။

ကျေးလက်ပြည်သူများ

ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ တာဝန်ရှိသူများ၏ တင်ပြချက်အရ ဤမြို့နယ်များတွင် နေထိုင်ကြသည့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများ ဖြစ်ကြပြီး ဆန်စပါးကို အဓိက စိုက်ပျိုးနေကြသည့် တောင်သူလယ်သမားများ ဖြစ်ကြကြောင်း။

ဤမြို့နယ်များတွင် နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားရသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံအားလုံးနီးပါးကိုလည်း နိုင်ငံတော်အစိုးရနှင့် အလှူရှင်များ စုပေါင်းပြုပြင် ဆောင်ရွက်ပေးခဲ့မှုကြောင့် အချို့ဆိုလျှင် မူလအခြေအနေထက်ပင် သာလွန်ကောင်းမွန်ပြည့်စုံမှု ရှိနေကြောင်းကိုလည်း သိရှိရကြောင်း၊ ထို့အပြင် ဤဒေသတွင် Cyclone Shelter များနှင့် အရေးပေါ် စားရေရိက္ခာသိုလှောင်ရုံများကို တည်ဆောက်ထားပြီး ရိက္ခာများအား စုဆောင်းသိုလှောင်ထားပြီးဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ယနေ့နိုင်ငံတော်၏ လက်ရှိတိုးတက်ဖြစ်ထွန်းမှုအခြေအနေကို အားပြု၍ မိမိတို့ မျှော်မှန်းထားသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အမြန်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရဦးမည်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးပါကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုကြောင်း။

မကြာသေးမီက နေပြည်တော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးအတွက်

ဒုတိယသမ္မတ သီဟသူရဦးတ... Security Shelter တန် ၅၀၀ စပါးသ... စစ်ဆေးစဉ်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကွမ်းခြံကုန်း မြို့နယ် တော်ခရမ်းအရှေ့ ကျေးရွာအုပ်စု တော်ခရမ်းရွာဦး ကျေးရွာ အခြေခံ ပညာ မူလတန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပ... ဝန်ကြီး ဦးကျော်ဆန်း ကွမ်းခြံကုန်းမြို့... များအတွက် မြန်မာနိုင်ငံ စာကြည့်တို... ဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်...

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကော့မှူးမြို့ရှိ Food Security Shelter တန် ၅၀၀ စပါးသိုလှောင်ရုံ အဆောက်အအုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စုပေါင်းပြုပြင် ဆောင်ရွက်ပေးခဲ့မှုကြောင့် အချို့ဆိုလျှင် မူလအခြေအနေထက်ပင် သာလွန်ကောင်းမွန်ပြည့်စုံမှု ရှိနေကြောင်းကိုလည်း သိရှိရကြောင်း၊ ထို့အပြင် ဤဒေသတွင် Cyclone Shelter များနှင့် အရေးပေါ် စားရေရိက္ခာသိုလှောင်ရုံများကို တည်ဆောက်ထားပြီး ရိက္ခာများအား စုဆောင်းသိုလှောင်ထားပြီးဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ယနေ့နိုင်ငံတော်၏ လက်ရှိတိုးတက်ဖြစ်ထွန်းမှုအခြေအနေကို အားပြု၍ မိမိတို့ မျှော်မှန်းထားသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အမြန်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရဦးမည်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးပါကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုကြောင်း။

မကြာသေးမီက နေပြည်တော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးအတွက် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် နိုင်ငံတကာ အတွေ့အကြုံ ပြည်တွင်းအတွေ့အကြုံရှိသည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများစုပေါင်း၍ စာတမ်းပြုစု ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ဦးချင်း တိုးတက်မှုရှိမှသာ နိုင်ငံတော်တိုးတက်ခြင်းဖြစ်သည် ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်၍ ပြည်သူများကလည်း လိုက်ပါပူးပေါင်းပြီး အားထည့်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းသို့ ဆောင်ရွက်ကြရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာထားမှုနှင့် ပံ့ပိုးကူညီ ဆောင်ရွက်မှုများသည် လွန်စွာအရေးကြီးကြောင်း၊ ပြည်သူအပေါ် စေတနာထား၊ ပြည်သူ့အကျိုးစီးပွားကိုကာကွယ်၊ ပြည်သူကို အလုပ်အကျွေးပြုကြရန်လိုကြောင်း။

ဤနေရာတွင် ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်ကျေပွန်လိုသည့် ဆန္ဒလွန်ကဲမှုကြောင့် မှားတတ်သည့်အမှားမျိုးမဖြစ်အောင် သတိပြုဆောင်ရွက်ရန်လိုကြောင်း၊ မိမိဒေသအတွင်း စီမံကိန်းတစ်ရပ်ရပ်ကို အကောင်အထည်ဖော်ရန် လိုအပ်လာပါက ဒေသခံပြည်သူများ ကိုယ်တိုင်က လိုလိုလားလား လိုက်ပါဆောင်ရွက်လာအောင် စည်းရုံးခြင်း၊ အားပေးခြင်း၊ ကူညီခြင်း၊ ပံ့ပိုးခြင်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိ၏ တာဝန်ကျေပွန်လိုသည့် ဆန္ဒလွန်ကဲပြီး မဖြစ်မနေ တာဝန်ပေးခြင်းမျိုး မဖြစ်ရန် လိုကြောင်း။

စည်းရုံးဆောင်ရွက်

ထို့အပြင် ဝန်ထမ်းများအနေဖြင့် စေတနာလွန်ကဲသည့် အမှားမျိုးမဖြစ်အောင်လည်း သတိပြု ဆောင်ရွက်ရန်လိုကြောင်း၊ ကိုယ့်ဒေသအတွက် ဖြစ်စေချင်၊ တိုးတက်စေချင်သည့် စေတနာလွန်ကဲမှုဖြင့် အတင်းအကျပ် တွန်းအားပေးဆောင်ရွက်စေခြင်း မပြုမိရန်လိုကြောင်း၊ မိမိဒေသအခြေအနေနှင့် ကိုက်ညီပြီး အမှန်တကယ်အကျိုးရှိရှိ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းများကိုသာ စည်းရုံး ဆောင်ရွက်ပေးကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို အမြဲမပြတ် လေ့လာသုံးသပ်ပြီး ပြည်သူ့အကျိုးပြုသော၊ ပြည်သူများက ယုံကြည်လေးစားအားကိုးသော ပြည်သူ့အကျိုးပြုဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က လှူဒါန်းသော စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ရှည်လျားတဲ့ဘဝသံသရာ" တရားတော် (ဆရာတော်ဦးဃောသိတ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၉၂)**
၈း၅၀	Activities in The City
၉း၀၅	ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့
၉း၁၀	Manhunt 2011 ကြိုတင်ပြင်ဆင်မှုနှင့်ပဏာမလူရွေးချယ်ပွဲ
၉း၃၀	Cartoon Show Time
၁၀း၁၅	နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကေန် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း၏အားမာန်
၁၀း၅၅	Celebrity Style
၁၁း၁၅	International Show Biz
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	သင်ကြားရေးလမ်းညွှန်
၁၂း၂၀	သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းအားအမှူးထား၍ သန့်စင်အောင်ကုမ္ပဏီ၏ဘေးကင်းရန် ကွာစတုဒိသာအလှူတော်မင်္ဂလာ
၁၂း၄၀	ရန်ကုန်မြင်ကွင်းကျယ်
၁း၀၀	"ရှည်လျားတဲ့ဘဝသံသရာ" တရားတော် (ဆရာတော်ဦးဃောသိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ
၂း၅၀	ပတ္တမြားမြေတန်းမြင့်ကျောင်း၏ မြင့်မိုရ်မကဂါရဝ
၃း၁၀	Mother's Day
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၄)**
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၉၂)**
၅း၀၀	The Champion of Dance
၅း၄၀	"ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၅)**
၇း၂၅	Celebrity Choice
၈း၀၀	MRTV-4 သတင်း
၈း၃၀	အနုပညာမိုးကောင်းကင်
၈း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၉၃)**
၁၀း၂၀	ကိုယ်ပိုင်ဟန်ဖက်ရှင်
၁၀း၄၅	သန့်ရှင်းသောသွေး
၁၁း၀၅	World of Knowledge
၁၁း၅၅	Treasure From The Earth (အပိုင်း-၂)
၁၂း၁၅	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ
၁၂း၄၀	ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ
၁၂း၅၀	ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၁း၁၅	မြန်မာပြည်ရဲ့"ပါရမီ"
၁း၂၀	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၁း၅၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၂း၁၀	ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
၂း၃၅	ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
၂း၄၅	လင်းလက်တောက်ပမီးဆိုင်းအလှ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
၄း၁၀	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်စျေးသို့ အလည်တစ်ခေါက်
၄း၅၀	စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၅း၀၀	အစီအစဉ်ပြီး။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း လွှတ်တော်ရုံးဝန်ထမ်း သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်စဉ်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ပညာသင် ထောက်ပံ့ကြေးများကို ပေးအပ်ကြရာ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ ကိုယ်စားတာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ပန်းပျိုးလက်စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလှူဒါန်း

ကန့်ဘလူ ဇွန် ၁၃

ကျေးလက်ပြည်သူလူထု အသိပညာဗဟုသုတမြင့်မားရေး၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာနယ်ဇင်းအလှူပွဲကို မေ ၂၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ကျင်းပသည်။

ရွှေဦးစွာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက စာနယ်ဇင်းအလှူနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခေတ်စမ်းစာပေပညာရှင် စာရေးဆရာ သိပ္ပံမောင်ဝ အထိမ်းအမှတ်ဂါးထာရှာ "ပန်းပျိုးလက်" စာကြည့်တိုက်သို့ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်က လက်ခံရယူကြောင်းသိရသည်။ (၃၈၆)

ကောလင်းမြို့နယ် ရေကန်သာအုပ်စု နတ်ရေတွင်းကျေးရွာ ရွှေရောင်လင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်း အနားကို မေ ၂၅ ရက်က ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်မြင့်နှင့် ဦးအောင်သန်းဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေတောင်မြို့၌ စာကြည့်တိုက်များ စံ(၅) ချက်နှင့်အညီ ဆောက်လုပ်ပြီးစီးရေး ကွင်းဆင်းဆောင်ရွက်

ရွှေတောင် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျေးရွာစာကြည့်တိုက်များ၏ စံ(၅)ချက်နှင့်အညီ အမြန်ဆုံး ဆောက်လုပ်ပြီးစီးရေးအတွက် ဇွန်လအတွင်း ကျေးရွာများအရောက် ကွင်းဆင်း၍ ကျေးရွာ ဓမ္မာရုံနှင့် စာသင်ကျောင်းများတွင် ဇွန် ၇ ရက် နံနက် ၉ နာရီမှစ၍ အုပ်စုအလိုက် ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က စာကြည့်တိုက် ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းမှ ထောက်ပံ့ကူညီပေးနိုင်မှုများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်စုကိုးအုပ်စုသို့ သတ်မှတ်ရက်များအလိုက် ကွင်းဆင်းချိန်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားမှုဖြင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ရပ်မိရပ်ဖများအား စာကြည့်တိုက်ကို သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးရာ ကျေးရွာအုပ်စုများက မိမိတို့ကျေးရွာများတွင် သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ တည်ထောင်ဖွဲ့စည်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအား ဗဟိုဌာန (ASEAN Resource Center For Training of Trainers for Civil Service) အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ဌေးနှင့် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ လေ့ကျင့်ရေးသင်တန်းကျောင်းများ၌ နည်းပြတာဝန် ထမ်းဆောင်လျက်ရှိသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုမှ နည်းပြတာဝန်ထမ်း ဆောင်လျက်ရှိသူ စုစုပေါင်း ၃၀ တို့ တက်ရောက်ကြပြီး လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ ဘာသာရပ်ငါးခုကို ရက်သတ္တလေးပတ်ကြာ ပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

နိုင်ပွဲထပ်မံရယူခဲ့သည့် ရက္ခပူရ

ရန်ကုန် ဇွန် ၁၃

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၁) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရက္ခပူရယူနိုက်တက်အသင်းက Southern Myanmar အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရက္ခပူရယူနိုက်တက် - နှစ်ဂိုး
(စတန်လေနှင့် သုထက်ပိုင်)
Southern Myanmar -တစ်ဂိုး
(ရဲထွန်းနိုင်)

နည်းပြမင်းကော့ဇ်စကီးလက်ထက်တွင် တဖြည်းဖြည်းအထိုင်ကျလာသည့် MNL အသင်းသစ် ရက္ခပူရအသင်းမှာ ယခုပွဲတွင်လည်း Southern အသင်းထံမှ အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။ မကွေးနှင့် ဇွဲကပင်ကို အနိုင်၊ ဉဿာကို သရေကစားခဲ့သည့် ရက္ခပူရအသင်းအတွက် လေးပွဲဆက်ရလဒ်ကောင်း ထပ်မံရယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ Southern အသင်းမှာ လူစုံပါဝင်ခဲ့သော်လည်း ခြေစွမ်းမပြနိုင်ခဲ့သည့်အပြင် မိနစ် ၃၀ တွင် သွင်းယူသော ရဲထွန်းနိုင်၏ ဂိုးကိုလည်း မထိန်းနိုင်ခဲ့ပေ။ ပထမပိုင်းကတည်းက Southern ဂိုးပေါက်ကို ခြိမ်းခြောက်နေသည့် ရက္ခပူရအသင်းမှာ ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်လာပြီး ၅၃ မိနစ်တွင် စတန်လေက ချေပဂိုး၊ ၅၅ မိနစ်တွင် သုထက်ပိုင်က အနိုင်ဂိုးတို့ကို သွင်းယူခဲ့သည်။

ယနေ့ပွဲစဉ် (၁၁) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၆ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်သွားပြီး ဇေယျာရွှေမြေအသင်းက ၂၃ မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ ဧရာဝတီယူနိုက်တက်အသင်းမှာ တစ်ပွဲလျော့ ၂၂ မှတ်ဖြင့် တတိယနေရာမှလိုက်နေပြီး လက်ကျန်ပွဲအဖြစ် လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရက္ခပူရမှ သုထက်ပိုင်၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို Southern ဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်စဉ်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်

၁၅-၆-၂၀၁၁
MNL အမှတ်ပေးပြိုင်ပွဲ
(အောင်ဆန်းကွင်း)
ဧရာဝတီယူနိုက်တက် - ရတနာပုံ
(MFF Cup ရှုံး/ထွက်ပြိုင်ပွဲ)
(သုဝဏ္ဏကွင်း)
ဇေယျာရွှေမြေ - VIVA

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. က အဓိကကူညီပံ့ပိုးမည့် HAN Golf Masters Junior Golf Series 2011 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ Sedona Hotel Ballroom ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ HAN Golf Masters Pte., Ltd. မှ CEO ဦးချမ်းဟန်က Junior Golf Series လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ စီစဉ်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး Asian Tour မှ Executive Chairman နှင့် HAN Golf Masters Pte., Ltd. မှ Director ဦးကြည်လှဟန်က အမှာစကားပြောကြားသည်။

ထို့နောက် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များက သိရှိလိုသော အချက်အလက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

HAN Golf Masters Junior Golf Series 2011 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်တွင် မြန်မာဂေါက်ကလပ်(ရန်ကုန်)၌လည်းကောင်း၊ ဇူလိုင်ပထမပတ်တွင် မန္တလေးရေတံခွန်တောင် ဂေါက်ကလပ်၌လည်းကောင်း၊ ဩဂုတ်ပထမပတ်တွင် ရွှေ့ရှိုင်ရယ်မင်္ဂလာဒုံဂေါက်ကလပ်(ရန်ကုန်)၌လည်းကောင်း၊ စက်တင်ဘာ ပထမပတ်တွင် ရန်ကုန်ဂေါက်ကလပ်၌လည်းကောင်း၊ နိုဝင်ဘာ ပထမပတ်တွင် ရန်ကုန်ဂေါက်ကလပ်၌လည်းကောင်း၊ ဒီဇင်ဘာပထမပတ်တွင် ပန်းလှိုင်ဂေါက်ကလပ်၌ လည်းကောင်း ခြောက်ပွဲ ကျင်းပမည်ဖြစ်ရာသက်တန်းများ အနေဖြင့် အသက်(၈)နှစ်မှ (၁၂)နှစ်၊ အသက်(၁၃)နှစ်မှ (၁၅)နှစ်၊ အသက်(၁၆)နှစ်မှ (၁၈)နှစ်နှင့် အသက်(၁၉)နှစ်မှ (၂၁)နှစ်အထိ ပြိုင်ပွဲလေးမျိုး ခွဲခြားကျင်းပမည်ဖြစ်သည်။

အဆိုပါ လူငယ်သက်တန်းအလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၅၀၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁ နှင့် ၀၁-၆၅၁၃၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

အဲရစ်ကန်တိုနာ နည်းပြဘဝဖြင့် မန်ယူကို ပြန်လည်ရင်ဆိုင်မည်

မန်ချက်စတာ ဇွန် ၁၃

မန်ယူအသင်းနှင့်အတူ ထင်ပေါ်ကျော်ကြားခဲ့သည့် ထိပ်တန်းတိုက်စစ်မှူး အဲရစ်ကန်တိုနာသည် ၎င်း၏အသင်းဟောင်းမန်ယူကို နည်းပြဘဝအဖြစ်ဖြင့် ပြန်လည်ရင်ဆိုင်ရန် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။

မန်ယူအသင်းသည် လာမည့်ဩဂုတ် ၅ ရက်(အင်္ဂါနေ့)တွင် အသင်းမှ အနားယူသွားပြီဖြစ်သည့် ကွင်းလယ်လူ ပေါလ်စခိုးအား အမှတ်တရနှုတ်ဆက်ပွဲကို အိုးထရက်ဖို့ဒ်ကွင်း၌ နယူးယောက်ကော့စ်မို့စ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူအသင်း၏ တိုက်စစ်မှူးဟောင်း အဲရစ်ကန်တိုနာသည် နယူးယောက်ကော့စ်မို့စ်အသင်း၏ နည်းပြအဖြစ် မန်ယူကို ရင်ဆိုင်ရမည်ဖြစ်သည်။ အဆိုပါ ပြင်သစ်သားသည် မန်ယူတွင် ငါးရာသီကြာပါဝင်ကစားခဲ့ပြီး ချန်ပီယံဆုဖလားများလည်း ကိုင်မြှောက်ခဲ့ဖူးသူဖြစ်သည်။ ၎င်းသည် မန်ယူအသင်းမှ ၁၉၉၇ ခုနှစ်တွင် ထွက်ခွာခဲ့သည်။

ESPN။

နည်းပြဘဝဖြင့် မန်ယူကိုပြန်လည်ရင်ဆိုင်မည့် အဲရစ်ကန်တိုနာ။

နာဆရီ အသင်းတွင်ဆက်ရှိနေရန် အာစင်ဝင်းဂါးကြိုးပမ်းမည်



အာစင်ဝင်းဂါး ဆက်ထိန်းထားလိုသည့် နာဆရီ။

လန်ဒန် ဇွန် ၁၃

အာဆင်နယ်အသင်း၏ နည်းပြ အာစင်ဝင်းဂါးက အသင်းအတွက် အားထားရသည့် ကွင်းလယ်ကစားသမား နာဆရီကို အသင်းတွင်သာ ဆက်ရှိနေစေရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာသည်။

ပရီမီယာလိဂ်ထိပ်တန်းကလပ် မန်ယူအပါအဝင် ဘိုင်ယန်မြူးနစ်၊ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်စ်နှင့် အင်တာမီလန်အသင်းများ၏ စိတ်ဝင်စားခြင်းကို ခံနေရသည့် နာဆရီသည် အသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် ရည်ရွယ်ခဲ့သော်လည်း လက်ရှိလစာ ပေါင်ကိုးသောင်း ရနေရာမှသည် တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်း တစ်သောင်းရလိုကြောင်း တောင်းဆိုခဲ့၍ စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ကြန့်ကြာနေရခြင်းဖြစ်သည်။

ယခုအချိန်တွင် နည်းပြ အာစင်ဝင်းဂါးက နာဆရီနှင့်အသင်းကြားတွင် ရှိနေသည့် မပြေလည်မှုများကို ပြေလည်အောင် အစွမ်းကုန် ညှိနှိုင်းဆောင်ရွက်သွားမည်ဟုဆိုသည်။ အာစင်ဝင်းဂါးက နာဆရီနှင့် စာချုပ်သစ် ချုပ်ဆိုဖြစ်ပါက အပိုဆုကြေး အများအပြားပေးမည်ဆိုသည့် အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုသွားမည်ဟု ဆိုသည်။

ESPN။

ဟန်သစ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ ဦးစီးဌာနများမှ ဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များသည် သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ စိုက်ပျိုးသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်၊ စိန်တလုံးသရက်ပင်၊ ခရေပင်၊ မဟော်ဂနီပင်၊ ပျဉ်းကတိုးပင်၊ စိန်ပန်းပုပင်နှင့် စိန်ပန်းပင်ကြီးစသော နှစ်ရှည်ပင်များအပါအဝင် ပန်းအလှပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၆)ကို မော်ဒယ်ဗီဒီယိုသရုပ်ဆောင် နှင်းနှင်းစုလှိုင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ မျိုးခိုင်(မူဆယ်)၊ ဘွင်းဘွင်း၊ ကမာမင်း (တပ်ကုန်း)၊ မင်းသန်းမင်း(မင်းကင်း)၊ မင်းနီခိုင်(မောင်တော)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ အံ့ကြည်ဟိန်း(လယ်ကိုင်းမြို့ဟောင်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)တို့၏ အဖွင့်ကဗျာများ၊ ဗိုလ်ကလေးတင့်အောင်၊ ခင်မာလွင်(ပညာရေး)၊သောင်းဝင်း(လှိုင်)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ပြေအေး(မြင်းမူ)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ မောင်ယဉ်ဝင်း(ဒေါပုံ)၊ မင်းပြားမင်းသိန်းဇံ၊ ပန်းတနော်စောလွင်၊ အောင်စည်ချမ်းသာ၊ ရွှေနေမင်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ တွင်းကြီးသား တင်ဝင်းဦး၊ ချစ်နိုင်(စိတ်ပညာ)၊ ရန်နိုင်၊ မွှေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်ကြည်သန့်(ရတနာမြေ)၊ နွယ်ဇင်ဦး(မြန်မာစာ)၊ မောင်အေးနှစ်(ပညာရေး)၊ ပိုင့်-လှိုင်းသစ်၊ စိုးနောင်(ပေါက္ကံ)၊ အောင်ချစ်စိုး(လသာ)၊ မလေး(မုံရွာ)၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောဓလေ့ စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ဘဝခရီးသည်၊ အမှတ်တရပုံရိပ်၊ စာပေခရီး စာပေရေစီး၊ ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ စာပေရေးရာ အထူးကဏ္ဍ၊ အမြတ်ဆုံးပူဇော်သံဃာတော်၊ နိုင်ငံတကာပုံပြင်၊ သမိုင်းသုတေသန၊ ဟာသရသကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉၊ ၅၃၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် ၁၂၃ ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျ မြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း ၈၉၂ ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့်နေရာ ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅) နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊
၃၂ ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

ဘာသာစုံဂုဏ်ထူးရှင်အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်း

မိတ္ထီလာမြို့၊ ဆိုင်းတန်းရပ်နေ ဦးဇော်လတ်(Motherland Video & Audio)နှင့် ဒေါ်ဝင်းဝင်းမြတ်(ဒုတိယလ/ထ ညွှန်မှူး) စက်မှု(၂)ရုံးချုပ် နေပြည်တော်တို့၏ သားဦး **မောင်အေးဇော်ဝင်း**သည် **(၂၀၁၀/၂၀၁၁) ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ**တွင် ပြင်ဦးလွင်မြို့(စာပန်းအိမ်ဘော်ဒါ)မှ **ခုံအမှတ် မမ(၁၆၇၈) သိပ္ပံတွဲ**ဖြင့် ဖြေဆိုခဲ့ရာ **ဘာသာစုံဂုဏ်ထူး**ဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် မြေးဦးလေး၏ ကြိုးစားအားထုတ်ခဲ့မှုကို **ရောဝတီမိသားစု**က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်ရပါကြောင်း-

ဘိုးဘိုး - **ဦးတင်အေးနှင့် ဘွားဘွား- ဒေါ်ခင်မေကြည်**
ဦးဦး - **ဦးဇော်ဝမ်း နှင့် အန်တီ- မော်မော်စီ(ဗိုလ်ချုပ်ဈေး၊ ရန်ကုန်)**
အန်တီများ - **ဒေါ်မို့မို့အေး**
- **ဒေါ်သီတာအေး(အလက-မိတ္ထီလာ)**
- **ဒေါ်ဥမ္မာအေး(ဗိုလ်ချုပ်ဈေး၊ ရန်ကုန်)**
- **ဒေါ်ပပအေး(လ/ထ ကထိက၊ နည်းပညာတက္ကသိုလ်၊ မိတ္ထီလာ)**
ညီငယ်များ - **မောင်ဥက္ကာဝင်း(အယ်ဒီ)**
- **မောင်ဇေယျဝင်း(ပွတ်ကျွတ်)**
- **မောင်ဟန်ကိုလင်း**

ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုသရေးဝန်များအသင်းမှ ၂၀၁၁ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှု အထိမ်းအမှတ်ဆု ရရှိကြောင်း(၇၉)ကြိမ်မြောက် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေး အဖွဲ့ ညီလာခံတွင်ကြေညာခဲ့သဖြင့် အသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး နှင့်တကွ အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ဂုဏ်ပြု မှတ်တမ်းတင် အပ်ပါသည်။

Dr. Thaung Wai
Best Livestock Ltd., MD

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ကြီးကျော်ကျော်အောင်(ငြိမ်း)-ဒေါ်စောရီတာတို့၏သား(အထက-၃)မြစ်ကြီးနား ကမ-၅၉၇(၂၀၁၀-၂၀၁၁) **မောင်အာကာမောင်**သည် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာဂုဏ်ယူမိပါသည်။

ဘဘ - **Capt စိုးဝင်း-ကြီးကြီးအိ (Air KBZ)**
ကိုကြီး - **ပြည့်ဖြိုးကျော် M.A.I**
ကိုငယ် - **သန့်ဇင်စိုး F.M.Bagan**
မမ - **ဇင်ဇင်စိုး M.A.I**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၅ ၉။ "ဇီဝိတဒါနသွေးလှူကြစို့"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက် F.C နှင့် ဇွဲကပင်ယူနိုက်တက် F.C)
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၃၀ ၅။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၅း၄၅ ၆။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၀။ ဆိုလိုက်ကြစို့
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ ရယ်စရာဟာသများ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၆)**
၁၇။ အစီအစဉ်ပြီး၏။

လေးဘာသာဂုဏ်ထူးရှင် "မောင်ရှင်းသန့်သူ"အတွက် ဝမ်းမြောက်ဂုဏ်ယူခြင်း

ဖေဖေဗိုလ်မှူးခင်ဇော်ဝင်း(ငြိမ်း)- မေမေဒေါ်မေသူဝင်းတို့၏ တစ်ဦးတည်းသောသား **မောင်ရှင်းသန့်သူ** သည် ၂၀၁၀-၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(၁)တာမွေမှ ခုံအမှတ်(ဆတမ-၁၇၅) သိပ္ပံတွဲဖြင့် လေးဘာသာဂုဏ်ထူး ရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဘိုးဘိုး-ဘွားဘွား- ဗိုလ်မှူးညဏ်ဝင်း-ဒေါ်ဝင်းဝင်း
ဦးမင်း-တီတီ - ဗိုလ်မှူးစိုးမင်းသိန်း-ဒေါ်မေပြည့်စုံဝင်း
အန်တီဝင်း(မိသားစု) ဘုရင့်နောင်ဈေး

ငါးဘာသာဂုဏ်ထူးရှင်"မအင်ကြင်းပွင့်ဖြူ" အတွက်ဂုဏ်ယူဝမ်းမြောက်ခြင်း

သမီး **မအင်ကြင်းပွင့်ဖြူ** သည် ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် T.T.C ကမာရွတ်မှ ဆကရ-၂၃၄ဖြင့် ငါးဘာသာဂုဏ်ထူး အောင်မြင်သည့်အတွက် သင်ကြားပေးသောဆရာ၊ ဆရာမများနှင့် သမီးလေးအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

ချစ်ဘွားဘွား - **သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်ရီ မန္တလေး စိန်နှင့်မြမိသားစု**
ချစ်ဖေဖေ-ချစ်မေမေ - **Capt ထွန်းထွန်း-မွှေးမွှေးယဉ် (ကမ္ဘာအေးစိန်နှင့်မြ)**
ချစ်မောင်လေး - **မင်းခန့်ကျော် Grade 8(A) T.T.C ကမာရွတ်**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်းနေ ဦးမြင့်သန်း-ဒေါ်အေးဝင်းတို့၏ တစ်ဦးတည်းသောသား

မောင်စည်သူမြင့် B.A(Myanmar)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်နေ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ထွေးရီ တို့၏သမီး

မခင်သန္တာအောင် B.A(Geo)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူမြင့်-မခင်သန္တာအောင်





စာအုပ်စာပေ
လှူမိတ်ဆွေ

ဝယ်လိုသည်

လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ အင်းစိန်၊ ဗဟန်းမြို့နယ်တို့တွင် လုံးချင်းမြေကွက်များ အမြန်ဝယ်လိုသည်။

ဆက်သွယ်ရန်ဖုန်း-၅၃၅၁၈၁၊ ၅၃၀၀၀၃

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၃

လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းတို့က ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ **ဦးနန္ဒကျော်စွာ လွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်စဉ်။**

(သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွှန့်နှင့် ဦးမြင့်ဟန်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ (၁၉)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာခဲ့သည်။ (သတင်းစဉ်)

ယနေ့ ကြေးမုံ သတင်းအညွှန်း

နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဥပဒေနှင့်အညီ လွယ်ကူလျင်မြန်စွာ ထုတ်ပေး
(သတင်း) စာမျက်နှာ - ၃ »

စက်မှုဇုန်ထုတ် မော်တော်ယာဉ်များ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်အောင် ကြိုးပမ်း
(သတင်း) စာမျက်နှာ - ၇ »

လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်
(သတင်း) စာမျက်နှာ - ၁၀ »

အမေရိကန်မှာ သီချင်းဆိုလေ့ကျင့်မည့် အဒီးလ်
(သတင်း) စာမျက်နှာ - ၆ »

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၆-၂၀၁၁

ပဲခူး	မြောင်းမြ	ရန်ကုန်(ကမ္ဘာအေး)နှင့် သိမ်ဇရပ်
၄ ဒသမ ၅၇ လက်မ	၃ ဒသမ ၃၅ လက်မ	၃ ဒသမ ၁၅ လက်မစီ
လောင်းလုံ	**ထားဝယ်**	**ဘီးလင်း**
၄ ဒသမ ၄၉ လက်မ	၃ ဒသမ ၂၃ လက်မ	၃ ဒသမ ၀၃ လက်မ